Choosing Wisely Australia

NPS MedicineWise ကို ကနဦးစတင်ဆောင်ရွက်ခြင်း

NPS MEDICINEWISE

# မေးခွန်း 5 ခု

## စစ်ဆေးမှု၊ ကုသမှု သို့မဟုတ် ရောဂါစုံစမ်းရှာဖွေလုပ်ထုံး တစ်ခုခုကို သင် မလုပ်မီ သင့် ဆရာဝန် သို့မဟုတ် အခြား ကျန်းမာရေး စောင့်ရှောက်ပေးသူကို မေးမြန်းရန်

**အချို့စစ်ဆေးမှုများ၊ ကုသမှုများနှင့် ရောဂါစုံစမ်းရှာဖွေလုပ်ထုံးသည် ကောင်းကျိုး အနည်းငယ် ပေးသည်။ အချို့ကိစ္စများတွင် ၎င်းတို့သည် ဆိုးကျိုးကိုပင် ဖြစ်ပွားစေနိုင်သည်။ များလွန်းခြင်းနှင့် နည်းလွန်းခြင်းမဟုတ်သော— သင့်လျော်သည့် ဂရုစိုက်မှုအတိုင်းအတာကို သင် ရရှိကြောင်း သေချာစေရန်အတွက် မေးခွန်း 5 ခုကို အသုံးပြုပါ။**

### 1 ဤ စစ်ဆေးမှု၊ ကုသမှု သို့မဟုတ် ရောဂါစုံစမ်းရှာဖွေလုပ်ထုံးကို ကျွန်ုပ် အမှန်တကယ်လုပ်ရန် လိုအပ်သလား။

စစ်ဆေးမှုများသည် ရောဂါကိုဆုံးဖြတ်ရန်အတွက် သင်နှင့် သင့် ဆရာဝန် သို့မဟုတ် အခြား ကျန်းမာရေးစောင့်ရှောက်ပေးသူကို အထောက်အကူပြုနိုင်သည်။ ဆေးဝါးများကဲ့သို့ ကုသမှုများနှင့် ရောဂါစုံစမ်းရှာဖွေလုပ်ထုံးသည် ရောဂါကို ကုသရန် အထောက်အကူပြုနိုင်သည်။

### 2 အန္တရာယ်များမှာ အဘယ်နည်း။

စစ်ဆေးမှု သို့မဟုတ် ကုသမှုတွင် ဘေးထွက်ဆိုးကျိုးများ ရှိမည်လား။ မတိကျ မခိုင်လုံသော အဖြေများ ရရှိလာနိုင်သည့် အခွင့်အလမ်းများမှာ အဘယ်နည်း။ ၎င်းကြောင့် အပိုစစ်ဆေးမှု၊ နောက်ထပ် ကုသမှုများ သို့မဟုတ် အခြား ရောဂါစုံစမ်းရှာဖွေလုပ်ထုံးပြုလုပ်ရန် ဦးတည်နိုင်ပါသလား။

### 3 ပိုမိုရိုးစင်းပြီး ပိုမိုဘေးကင်းသော နည်းလမ်းများ ရှိပါသလား။

ကုသမှုတွင် ထိရောက်နိုင်သည့် အခြား နည်းလမ်းများ ရှိမရှိ မေးမြန်းပါ။ ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော အစားအစာများ စားသုံးခြင်း သို့မဟုတ် ကိုယ်လက်လေ့ကျင့်ခန်း ပိုမိုလုပ်ခြင်းကဲ့သို့ နေထိုင်ပုံ ပြောင်းလဲမှုများသည် ဘေးကင်းပြီး ထိရောက်သော နည်းလမ်းများဖြစ်နိုင်သည်။

### 4 အကယ်၍ ကျွန်ုပ်သည် မည်သည့်လုပ်စရာနည်းလမ်းကိုမျှ မလုပ်လျှင် ဘာဖြစ်မည်နည်း။

အကယ်၍ သင်သည် စစ်ဆေးမှု၊ ကုသမှု သို့မဟုတ် ရောဂါစုံစမ်းရှာဖွေလုပ်ထုံးကို ချက်ချင်း မလုပ်လျှင်— သင့် ကျန်းမာရေးအခြေအနေ ပိုဆိုးလာနိုင် မနိုင် မေးပါ — သို့မဟုတ် ပိုကောင်းလာနိုင် မနိုင် မေးပါ။

### 5 ကုန်ကျဆုံးရှုံးမှုများမှာ အဘယ်နည်း။

ကုန်ကျဆုံးရှုံးမှုများမှာ ငွေကြေးအားဖြင့်၊ စိတ်ခံစားချက်အားဖြင့် သို့မဟုတ် သင့် အချိန်အားဖြင့် ဆုံးရှုံးမှုတို့ ဖြစ်နိုင်သည်။ ရပ်ရွာ အသိုက်အဝန်းအပေါ် ကုန်ကျဆုံးရှုံးမှု ရှိသည့်ကိစ္စ၌ ကုန်ကျဆုံးရှုံးမှုမှာ သင့်တော်သလား သို့မဟုတ် ပိုမိုနည်းပါးသည့် အခြားနည်းလမ်း ရှိပါသလား။

ပိုမိုသိရှိရန် ဝက်ဘ်ဆိုက် **choosingwisely.org.au** တွင်ကြည့်ပါ

စကားဝိုင်း **@ChooseWiselyAU** တွင် ပါဝင်ပါ

သုံးစွဲသူ အစီရင်ခံစာများ (Consumer Reports) က စုစည်းထားသော အကြောင်းအရာမှ မှီငြမ်းထားသည်။
ABIM Foundation မှ ခွင့်ပြုချက်အရဖြစ်သည်။

Choosing Wisely Australia® သည် မလိုအပ်သော စစ်ဆေးမှုများ၊ ကုသမှုများနှင့် ရောဂါစုံစမ်းရှာဖွေလုပ်ထုံးအကြောင်းနှင့်ပတ်သက်၍ အရေးကြီးသော စကားဝိုင်းများ စတင်ပြုလုပ်ရန် ဆေးပညာရှင်များ၊ သုံးစွဲသူများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးသူများအား ဆောင်ရွက်ပေးနိုင်စွမ်းသည့် ကနဦးလုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ အရည်အသွေးမြင့်မားသော စောင့်ရှောက်မှုကို အလေးထားခြင်းဖြင့် Choosing Wisely Australia ကို ဩစတြေးလျနိုင်ငံ ဆေးပညာကောလိပ်ကျောင်းများ၊ လူ့ဘောင်အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များက ဦးဆောင်ထားကြပြီး NPS MedicineWise က ပံ့ပိုးပေးထားသည်။

ဖွဲ့စည်းသည့်အချိန်၌ တိကျသော သတင်းအချက်အလက်များကို ပေးနိုင်ရန်အတွက် သင့်တင့်လျောက်ပတ်သော ဂရုစိုက်အလေးထားမှုဖြင့် ဆောင်ရွက်ထားသည်။ ဤသတင်းအချက်အလက်များကို ဆေးဘက်ဆိုင်ရာ အကြံဉာဏ်အား အစားထိုးရန်အဖြစ် မရည်ရွယ်သည့်အပြင် ရောဂါတစ်ခုကို စီမံခန့်ခွဲရန် သို့မဟုတ် ရောဂါဖော်ထုတ်ရန်အတွက် လုံးဝ အားထားရန် မသင့်တော်ပါ။ Choosing Wisely Australia® သည် ဤသတင်းအချက်အလက်အပေါ် အားထားမှု သို့မဟုတ် ဤသတင်းအချက်အလက်ကို သုံးစွဲမှုမှ ပေါ်ပေါက်လာသည့် ဆုံးရှုံးမှု၊ ပျက်စီးမှု သို့မဟုတ် ထိခိုက်မှု တစ်ခုခုအတွက် တာဝန်အားလုံး (ပေါ့ဆမှု အပါအဝင်) ကို တာဝန်မယူငြင်းဆိုပါသည်။ တာဝန်မယူငြင်းဆိုချက် အပြည့်အစုံကို **choosingwisely.org.au** တွင်ဖတ်ရှုပါ။

CW1924b